**Dawei Development Association**
DaweiTownship, Tanintharyi Region,Myanmar
dda.dawei@gmail.com

သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ။အောက်တိုဘာ ၉၊ ၂၀၁၄

# ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းအားပြန်လည် မစတင်မီ လက်ရှိဖြစ်ပေါ်နေသောပြဿနာများကိုဖြေရှင်းပေးရန် တောင်းဆိုခြင်း။

ထိုင်းအစိုးရနှင့် မြန်မာအစိုးရအနေဖြင့် နိုင်ငံတကာတွင် ကျင့်သုံးသော အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့် အညီ မျှတစွာ ပြဿနာများကို ဖြေရှင်းနိုင်ပြီးမှသာ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် (ထားဝယ်စီမံကိန်းဟု နောက်ပိုင်းတွင်း သုံးနှုန်းပါမည်) ကို ပြန်လည်စတင်လုပ်ဆောင်ရန် ထားဝယ်ဖွံ့ဖြိုးရေး အဖွဲ့ (DDA) က တောင်းဆိုလိုက်သည်။ ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး အမျိုးသားကောင်စီ (NCPO) ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် (အငြိမ်းစား ဗိုလ်ချုပ်ကြီး) ပရာယု ချန်အိုချာ ၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ထားဝယ်စီမံကိန်း ပြန်လည်စတင်ရေး နှစ်နိုင်ငံ အစိုးရဆွေးနွေးမည်ဖြစ်သည်။

စီမံကိန်းကို ၂၀၀၈ ခုနှစ်ကတည်းက စတင်ခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် ထားဝယ်စီမံကိန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ်တွင် ထိုင်းဆောက်လုပ်ရေး ကုမ္ပဏီ (ITD) ကို နှစ် ၆၀ လုပ်ပိုင်ခွင့်ဖြင့် စီမံကိန်း အကောင်အထည် ဖော်ခွင့်ပေးခဲ့သည်။၂၀၁၀ မှ ၂၀၁၃ ခုနှစ် အထိ ကနဦး အကောင်အထည်ဖော်ခဲ့သော ITD ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကြောင့် မြေယာ အကြီးအကျယ် သိမ်းဆည်းခံရခြင်း၊ ပြည့်စုံလုံလောက်မှုမရှိသော ပြောင်းရွှေ့နေရာချထားရေး အစီအစဉ်၊ မမျှတသော လျော်ကြေးငွေ တို့အပါအဝင် လျော်ကြေးငွေ တစ်စုံတရာ မရရှိဘဲ သစ်တောမြေနှင့် စိုက်ပျိုးဖြစ်ထွန်းသော လယ်ယာမြေတို့ ဆုံးရှုံးခဲ့သည်။ ထို့ကြောင့် ဒေသခံများ၏ လူမှုစီးပွားဘဝကို များစွာထိခိုက်မှု ရှိခဲ့သည်။ ယင်းအပြင် စီမံကိန်းအကြောင်း သတင်းအချက်အလက် အနည်းအကျဉ်းသာရရှိခြင်း၊ လေးနက်ပြီး အဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးမှု မရှိခြင်း၊ ချွတ်ယွင်းအားနည်းချက်ရှိသော လျော်ကြေးပေးချေမှု ဖြစ်စဉ် တို့ကြောင့်လည်း ဒေသခံများကို ပိုမိုဆိုးရွားသော အနေအထားသို့ တွန်းပို့သွားစေခဲ့သည်။ ယင်းပြဿနာရပ်များကို နှစ်ဖက်အစိုးရများက လျစ်လျူရှုခဲ့ခြင်းနှင့် သက်ဆိုင်ရာ အစိုးရ၊ ကုမ္ပဏီ အဖွဲ့အစည်းများ၏ တာဝန်ခံမှုမရှိခြင်း တို့သည် ဒေသခံများအတွက် အဓိက စိန်ခေါ်မှုဖြစ်လျက်ရှိသည်။

၂၀၁၃ နိုဝင်ဘာတွင် အစိုးရချင်း ပူးပေါင်းလုပ်ကိုင်သည့် စီမံကိန်းအဖြစ် ပြောင်းလဲလိုက်သည်။နှစ်နိုင်ငံ အစိုးရ ထက်ဝက်စီ ပိုင်ဆိုင်သော ပင်မကုမ္ပဏီ (SPV) ကို ထူထောင်လိုက်ပြီး ယင်းကုမ္ပဏီက ထားဝယ် စီမံကိန်းကို တိုက်ရိုက် အကောင်အထည်ဖော်ရန်စီစဉ်ခဲ့သည်။ ထို့ကြောင့် စီမံကိန်းကြောင့်ဖြစ်ပေါ်ခဲ့သည့် ပြဿနအရပ်ရပ်သည် ထိုင်းနှင့်မြန်မာအစိုးရ အပေါ်တိုက်ရိုက်တာဝန်ရှိနေပါသည်။

လက်ရှိ ရရှိထားသော သတင်းအချက်အလက်များအရ စက်မှုဇုန်များ၊ ဆိပ်ကမ်း၊ အဝေးပြေးလမ်း၊ ရေကာတာ၊ ပြောင်းရွှေ့နေရာချထားသည့် ဧရိယာ တို့ပါဝင်သော ထားဝယ်စီမံကိန်း ဆောက်လုပ်ရေးကြောင့် ကျေးရွာပေါင်း ၂၀ မှ ၃၆ ရွာ အကြား (အိမ်ထောင်စု ၄၃၈၄ မှ ၇၈၀၇ သို့မဟုတ် လူဦးရေ ၂၂၀၀၀ မှ ၄၃၀၀၀ အကြား) ထိခိုက်မည်ဖြစ်သည်။ စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပံ့ပိုးပေးမှုအားနည်းခြင်း၊ အဓိပ္ပါယ် ပြည့်ဝသော ညှိနှိုင်းဆွေးနွေးမှုမရှိခြင်း၊ နည်းလမ်းမကျသောလျော်ကြေးငွေပေးခြေမှုစနစ်နှင့် တာဝန်ယူမှု/ တာဝန်ခံမှု ကင်းမဲ့သောအခြေအနေများကို နှစ်ဘက်အစိုးရမှထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့သည်။ ထို့ကြောင့်စီမံကိန်း အား ပြန်လည်စတင်မည်ဆိုလျှင် အထက်ပါပြဿနာများအား အရင်ဆုံးဖြေရှင်းပြီး၊ အချိန်မီကုစား ပေးရန်လိုအပ်ပါသည်။

"ဒေသခံတွေကို စီမံကိန်းနဲ့ ပတ်သက်ပြီး သတင်းအချက်အလက် ပြည့်ပြည့်စုံစုံ မပေးခဲ့ဘူး။ လျော်ကြေး ထိုက်ထိုက်တန်တန်နဲ့ မျှမျှတတ မပေးဘဲ သူတို့ မြေတွေကနေ အတင်းရွှေ့ခိုင်းတယ်။ ဒီလိုမျိုးဖြစ်စဉ်တစ်လျှောက်မှာ အခွင့်အရေးချိုးဖောက်ခံလိုက်ရသူတွေအတွက်

ပြန်လည် ကုစားချက်ဆိုတာမျိုးလည်း မရှိဘူး။ ဒီပြဿနာတွေအားလုံး စီမံကိန်း ပြန်မစခင် အရင်ရှင်းရမယ်"ဟု ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့ (DDA) ၏ ညှိနှိုင်းရေးမှူး ဦးသန့်ဇင်က ဆိုသည်။

"အစိုးရနှစ်ရပ်လုံးအနေနဲ့ ဒေသခံတွေရဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ တွေကိုလေးစားပြီး၊ သူတို့ရဲ့ မြေယာနဲ့ သံယံဇာတအသုံးချမှုကို အသိအမှတ်ပြုဖို့လိုတယ်" ဟု ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှု ကွန်ယက် မှ စောအဲလက် (စ်) မှပြောသည်။

"အခုထိကျွန်တော်တို့သိရသလောက် ဒီစီမံကိန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ စီမံခန့်ခွဲမှုဆိုင်ရာ အကျင့်ပျက်ခြစား မှုတွေ ရှိတယ် ဆိုတာတွေ့ရတယ်။ ဒီစီမံကိန်းကို အရင်ပုံစံအတိုင်းဆက်သွားမယ်ဆိုရင် အဂတိလိုက်စားမှုအပါအဝင်၊ မတော်မတရား လုပ်ဆောင်နေတာကို အားပေးရာရောက်တယ်" ဟု ထားဝယ်စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်နေသည့် ဒေါက်တာကျော်သူမှ ပြောကြားသည်။

ထားဝယ်ဖွံ့ဖြိုးရေး အဖွဲ့ (DDA) အနေနှင့် ထိုင်းနှင့် မြန်မာအစိုးရတို့ကို အောက်ပါအတိုင်း တောင်းဆိုလိုက်သည်။

(က) စီမံကိန်း ကနဦး အကောင်အထည်ဖော်စဉ် သုံးနှစ်တာ ကာလအတွင်း ဖြစ်ပွားခဲ့သော ပြဿနာအားလုံးကို စီမံကိန်းမတင်မီ ဦးစွာဖြေရှင်းပေးရန်၊

(ခ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာ စံနှုန်းများနှင့် အညီလုပ်ဆောင်ရန်၊

(ဂ) ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးဖြစ်သော လွတ်လပ်၍ ကြိုတင် သတင်းအချက်အလက် သိရှိပိုင်ခွင့်ကို လေးစားလိုက်နာရန်၊

(ဃ) စီမံကိန်း အစီအစဉ်ချစဉ်၊ အကောင်အထည်ဖော်စဉ်နှင့် ကြီးကြပ်သည့် လုပ်ငန်းစဉ်တလျှောက် ဒေသခံများ အဓိပ္ပါယ်ပြည့်ဝသောပူးပေါင်းပါဝင်ခွင့်ကိုအာမခံရန်၊

(င) ဒေသခံများကို အတင်းအကျပ်နှင့် ခြိမ်းခြောက် ပြောင်းရွှေ့နေရချထားခြင်း မပြုရန်၊

(စ) ပြောင်းရွှေ့နေရာချထားရာတွင်လည်း မူလထက် မနိမ့်ကျသော နေထိုင်မှု၊ ဝင်ငွေ အခွင့်အလမ်း တို့ရှိရပြီး ဆန္ဒမပါဘဲ ပြောင်းရွှေ့ရခြင်းမျိုးမဖြစ်ရန်၊

(ဆ) Ernst & Young ကုမ္ပဏီကလုပ်ဆောင်နေသော တွက်ချက်စာရင်းစစ်ချက်များ (Due Dilignece) ကဲ့သို့သော သတင်းအချက်အလက်များကို အချိန်အခါအလိုက် သင့်တော်မှန်ကန်သည့် နည်းလမ်းဖြင့် ထုတ်ပြန်ရန်၊

(ဇ) ထားဝယ်စီမံကိန်းနှင့် ပတ်သက်၍ အကျင့်ပျက်ချစားမှု မဖြစ်ပွားရေး ထိရောက်ပြီး လေးနက်သော စံချိန်၊ စံနှုန်းများ အတိုင်းစစ်ဆေး အကောင်အထည်ဖော်ရန်။

***ထပ်မံသိရှိလိုပါက ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့ မှာ အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါသည်။***

ဦးသန့်ဇင် - ၀၉ ၄၂၂၁၉၀၆၉၁ မေးလ် kgkinpyar13.3@gmail.com

ဦးရဲလင်းမြင့် - ၀၉ ၇၃၁၃၂၃၁၇ မေးလ် yelinm@gmail.com

ဦးဘိုဘိုအောင် - ၀၉ ၂၅၀၂၆၇၀၂၅ မေးလ် alc.bobo@gmail.com